Message Ten

# ဘုရားသခင်၏လက်ရာတော်ဖြစ်သော လူသစ်တစ်ဦး၏ဖန်ဆင်းရှင်

ဖတ်ရန်ကျမ်း။ ။ က၊၁း၂၆။ ဧ၊၂း၁၄-၁၆။ ၄း၂၂-၂၄

**I. လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်ကို ထင်ရှားရန်နှင့် ကိုယ်တော်ကို ကိုယ်စားပြုရန်အတွက် စုပေါင်းထားသောလူကို ရရှိရန်ဖြစ်သည်-က၊၁း၂၆။ ဧ၊၂း၁၅။**

A. ဘုရားသခင်သည် လူကို ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဘုရား၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းခဲ့ပြီး၊ ကိုယ်တော်ကို ကိုယ်စားပြု၍ ကိုယ်တော်၏ရန်သူကို ဆက်ဆံဖြေရှင်းရန် ကိုယ်တော်၏အုပ်စိုးခြင်းကို လူအား ပေးအပ်ခဲ့သည် - က၊၁း၂၆။

B. ဖန်ဆင်းခြင်းအသစ်၌ လူသစ်တစ်ဦးအဖြစ် အသင်းတော်သည် ဘုရားသခင်၏ ထင်ရှားခြင်းအတွက် ဘုရား၏ပုံသဏ္ဍာန်တော်ကို ဆောင်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်အတွက် ဘုရား၏ရန်သူကို ဆန့်ကျင်တိုက်ခိုက်သည် - ကော၊၃း၁၀-၁၁။ ဧ၊၂း၁၅။ ၄း၂၄။ ၆း၁၀-၁၁။

C. လူဟောင်း၌ ကွဲပြား၍ ပြန့်ကြဲခဲ့သောအရာကို လူသစ်၌ ပြန်လည်ရယူခဲ့သည် - က၊၁၁း၅-၉။ တ၊၂း၅-၁၂။ ကော၊၃း၁၀-၁၁။

**II. ဘုရားသခင်၏ကဗျာ၊ လက်ရာတော်အဖြစ် လူသစ်တစ်ဦးသည် ခရစ်တော်၏ အသေခံခြင်းအားဖြင့်၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခံရသည် - ဧ၊၂း၁၀၊ ၁၅-၁၆။**

A. ကျွန်ုပ်တို့သည် အငယ်၊၁၅ ၌ ရှိသည့် စကားစုနှစ်ခုကို သေချာအာရုံစိုက်ရန် လိုအပ်သည် - *ကိုယ်တော်၏ အသွေးအသား၌* နှင့် *ကိုယ်တော်ကိုယ်တိုင်၌* တို့ဖြစ်သည်။

1. “ကိုယ်တော်၏အသွေးအသား၌” ခရစ်တော်သည် စကြဝဠာရှိ အနုတ်လက္ခဏာအရာများအားလုံးကို အဆုံးသတ်ခဲ့သည် - ယင်းတို့မှာ စာတန်၊ မာရ်နတ်၊ ဘုရားသခင်၏ရန်သူ (ဟေဗြဲ၊၂း၁၄)၊ အပြစ် (ရော၊၈း၃။ ယော၊၁း၂၉)။ ကျဆင်းသောလူ၏ အသွေးအသား (ဂလ၊၅း၂၄)၊ လောက၊ ကော့စ်မော့စ်၊ စာတန်၏ ဆိုးညစ်သောနည်းစနစ် (ယော၊၁၂း၃၁)၊ လူဟောင်း အားဖြင့် ကိုယ်စားပြုသော ဖန်ဆင်းခြင်းအဟောင်း (ရော၊၆း၆)နှင့် ပညတ်တရား၏ ခွဲခြားထားသော ဝိနည်းအထုံးအဖွဲ့များ (ဧ၊၂း၁၅) တို့ဖြစ်သည်။

2. နယ်ပယ်အဝန်းအဝိုင်း၊ ဒြပ်သဘာဝနှင့် အနှစ်သာရအဖြစ် “ကိုယ်တော်ကိုယ်တိုင်၌” ခရစ်တော်သည် ဂျူးများနှင့် တစ်ပါးအမျိုးသားများကို လူသစ်တစ်ဦးအထဲသို့ ဖန်ဆင်းခဲ့သည်။

   a. ခရစ်တော်သည် အသင်းတော်၊ လူသစ်တစ်ဦး၏ဖန်ဆင်းရှင်မျှသာ မဟုတ်ဘဲ၊ လူသစ်ကို ဖန်ဆင်းခဲ့သည့် နယ်ပယ်အဝန်းအဝိုင်း၊ ဒြပ်သဘာဝနှင့် အနှစ်သာရလည်း ဖြစ်သည်။

   b. ကိုယ်တော်သည် လူသစ်တစ်ဦး၏ ဒြပ်သဘာဝနှင့် အနှစ်သာရ ဖြစ်ပြီး၊ ဘုရားသခင်၏ ဘုရားဆိုင်ရာ သဘောသဘာဝကို လူသားဇာတိနှင့် အထုံးအဖွဲ့တစ်ခုတည်း ဖြစ်စေသည် - ညွှန်း၊ ကော၊၃း၁၀-၁၁။

B. လူသစ်ကို ဖန်ဆင်းခြင်း၌ ပထမဦးဆုံး ကျွန်ုပ်တို့၏ဇာတိလူသည် ခရစ်တော်အားဖြင့် ကားတိုင်ပေါ် အသေသတ်ခြင်းခံရပြီးနောက် လူဟောင်းကို ဖြတ်တောက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် ဘုရားဆိုင်ရာဒြပ်သဘာဝကို ကျွန်ုပ်တို့အထဲသို့ ပေးဝေခဲ့ပြီး၊ ကျွန်ုပ်တို့အား ဘုရားသခင့်အလုပ်၏ လက်ရာတော်၊ ဘုရားသခင်၏ ဖန်တီးမှုအသစ်၊ စကြဝဠာ၌ အသစ်သော အကြောင်းအရာလုံးလုံး ဖြစ်လာစေသည် - ရော၊၆း၆။ ၂ကော၊၅း၁၇။

1. *လက်ရာတော်* အတွက် ဂရိစကားလုံးမှာ *ပွိုင်မာ* (*poiema*) ဖြစ်ပြီး၊ “ကဗျာတစ်ပုဒ်အဖြစ် ရေးဖွဲ့ထားသော သို့မဟုတ် သီကုံးဖွဲ့ဆိုထားသောတစ်စုံတစ်ရာ” ဟု ဆိုလိုသည်။

2. ကဗျာရေးဖွဲ့ခြင်းကိုသာ ကဗျာတစ်ပုဒ်အဖြစ် မမှတ်ယူဘဲ၊ ပြုလုပ်သောသူ၏ပညာနှင့် လက်ရာဒီဇိုင်းကို ထင်ရှားစေသော အနုပညာလက်ရာတိုင်းကိုလည်း ကဗျာတစ်ပုဒ်အဖြစ် မှတ်ယူနိုင်သည်။

3. ဘုရားသခင့်အလုပ်၏လက်ရာတော်ဖြစ်သော အသင်းတော်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကန့်အသတ်မရှိသော ပညာတော်နှင့် ဘုရားဆိုင်ရာလက်ရာဒီဇိုင်းကို ထင်ရှားသော ကဗျာတစ်ပုဒ်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော် ဖြစ်သောအရာအားလုံးကို ဘုရားသခင်၏ပညာတော်ဖြင့် ခင်းကျင်းပြသခြင်း ဖြစ်သည်-ဧ၊၃း၁၀-၁၁။
4. ခရစ်တော်သည် ဘုရားသခင်၏ ကယ်တင်ခြင်းတွင် အရေးကြီးသောအရာသုံးခုအဖြစ် ဘုရားသခင်ထံမှ ပညာတော် ဖြစ်လာခဲ့သည် - ၁ကော၊၁း၃၀။
    a. ဖြောင့်မတ်ခြင်း (ကျွန်ုပ်တို့၏အတိတ်အတွက်)၊ ထိုအရာအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ဖြောင့်မတ် ရာသို့ ရောက်ရှိကြသည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ဘုရားအသက်ကို လက်ခံရရှိပြီး ကျွန်ုပ်တို့၏ဝိညာဉ်၌ အသစ်မွေးဖွားခြင်းခံရနိုင်ရန်ဖြစ်သည် - ရော၊၅း၁၈။ ၈း၁၀။
    b. သန့်ရှင်းစင်ကြယ်ခြင်း (ကျွန်ုပ်တို့၏ မျက်မှောက်ကာလအတွက်)၊ ထိုအရာအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုရားအသက်နှင့် ကျွန်ုပ်တို့၏စိတ်၌ သန့်ရှင်းစင်ကြယ်ခြင်း (ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ၌ ပုံသဏ္ဍာန် ပြောင်းလဲခြင်း) ခံရကြသည် - ဗ်း၁၉၊ ၂၂။
    c. ရွေးနုတ်ခြင်း (ကျွန်ုပ်တို့၏အနာဂတ်ကာလအတွက်)၊ ၎င်းသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ရွေးနုတ်ခြင်း ဖြစ်ပြီး၊ ထို အရာ အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုန်းတော်နှင့်တူညီခြင်းရှိရန် ကိုယ်တော်၏ဘုရားအသက်နှင့် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ အဆင်းသဏ္ဍာန်ပြောင်းလဲလိမ့်မည် ဖြစ်သည် - ၈း၂၃။ ဖိ၊၃း၂၁။
5. ဘုရားသခင်အားဖြင့် ကျွန်ုပ်တို့သည် ထိုသို့ပြီးမြောက်ပြည့်စုံသောကယ်တင်ခြင်း၌ ပါဝင်ဆက်ဆံရခြင်းဖြစ်သည်။ ၎င်း သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး - ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ- ကို ရှင်သန်သောနည်းလမ်း၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝ ဖြစ်စေသည်။ ယင်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်စေရန်နှင့် ကျွန်ုပ်တို့ကို ပညာတော်ဖြင့် ခရစ် တော်ဖြစ်တော်မူသမျှ၏ ခင်းကျင်းပြသခြင်း ဖြစ်လာစေရန် ဖြစ်သည်။

## III. ကားတိုင်ပေါ်တွင် ခရစ်တော်သည် စပ်ကြားအုတ်တံတိုင်းနံရံတည်းဟူသော ဝိနည်းအထုံးအဖွဲ့၌ရှိသော ပညတ်တရားကို ကိုယ် တော်၏အသွေးအသား၌ ပယ်ရှင်းခြင်းအားဖြင့် သူကိုယ်တော်တိုင်၌ လူသစ်ကို ဖန်ဆင်းခဲ့သည် - ဧ၊၂း၁၄ခ-၁၅က။

A. အငယ်၊၁၅ တွင် ပြောဆိုထားသည့် ပညတ်တရားသည် လူ့ကျင့်ဝတ်နှင့်ဆိုင်သော ပညတ်တရားများ မဟုတ်ဘဲ၊ အရေးဖျား လှီးခြင်း၊ ဥပုသ်နေ့ကို စောင့်ထိန်းခြင်းနှင့် အစားအစာအချို့ကို စားသုံးခြင်း၏ ဝိနည်းအထုံးအဖွဲ့များကဲ့သို့သော ထုံးတမ်း ဓလေ့ဆိုင်ရာပညတ်တရားများ ဖြစ်သည်။
B. ဝိနည်းအထုံးအဖွဲ့များသည် အသက်ရှင်ခြင်းနှင့် ကိုးကွယ်ခြင်း ပုံစံများ သို့မဟုတ် နည်းလမ်းများဖြစ်ပြီး၊ ရန်ငြိုးဖွဲ့ခြင်းနှင့် ကွဲပြားခြင်းကို ဖြစ်စေသည်။
    1. ကားတိုင်ပေါ်တွင် ခရစ်တော်သည် လူမျိုးများကို ကွဲပြားစေသည့် အသက်ရှင်ခြင်းနှင့် ကိုးကွယ်ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအားလုံးကို ပယ်ရှင်းခဲ့သည် - အငယ်၊၁၅။ ကော၊၂း၁၄။
    2. ဗာဗေလအချိန်မှစ၍ လူသားမျိုးနွယ်သည် အသက်ရှင်ခြင်းနှင့် ကိုးကွယ်ခြင်းနည်းလမ်းများဆိုင်ရာ ဝိနည်းအထုံးအဖွဲ့ များအားဖြင့် ကွဲပြားသွားခဲ့ကြသည်။ ဘုရားသခင်၏စီမံကိန်း၌ အသင်းတော်အသက်တာတွင် ကျွန်ုပ်တို့သည် ဗာဗေလ ကို အောင်မြင်ကြရမည် - က၊၁၁း၁-၉။
        a. ခရစ်တော်သည် ကျွန်ုပ်တို့၏ တစ်ခုတည်းသော အရင်းအမြစ် ဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နောက်ခံ၊ ယဉ်ကျေးမှု သို့မဟုတ် လူမျိုးဆိုင်ရာ တစ်စုံတစ်ရာကို ကျွန်ုပ်တို့၏အရင်းအမြစ်ဖြစ်လာရန် အခွင့်မပေး သင့်ပါ - ညွှန်း၊ ကော၊၃း၁၀-၁၁။
        b. လောကီသားများသည် ဂုဏ်ဒြပ်အရင်းအမြစ်အဖြစ် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ခြားနားမှုများကို အလေးထားကြ သည်၊ သို့သော် ခရစ်တော်၌ ကျွန်ုပ်တို့သည် ဤဂုဏ်ဒြပ်ကို ချွတ်ပယ်ကြရမည်။ ယခု ကျွန်ုပ်တို့၏တစ်ခုတည်း သောဂုဏ်ဒြပ်မှာ ခရစ်တော်နှင့် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည်။

C. ကျွန်ုပ်တို့သည် မိမိတို့၏ယဉ်ကျေးမှုဂုဏ်ကို စွန့်လွှတ်ရန် အလိုဆန္ဒရှိပါက၊ သခင်ဘုရားအတွက် သင့်လျော်မှန်ကန်သော အသင်းတော်အသက်တာကို ရရှိရန် ဖြစ်နိုင်ခြေရှိလာမည်ဖြစ်သည် - ဧ၊၄း၂၂-၂၄။

## IV. လူသစ်တစ်ဦးအတွက်၊ လူသစ်တစ်ဦး၌ ကျွန်ုပ်တို့သည် ခရစ်တော်၏ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ အုပ်စိုးရန် အခွင့်ပေးဖို့လိုအပ်သည်-၂း၁၄က၊၁၅ခ။ ကော၊၃း၁၂-၁၅။ ၂း၁၄-၁၈။ ရော၊၅း၁။ မ၊၁၈း၂၁-၃၅။

A. *အုပ်စိုးသည်* ဟူသောစကားလုံးအတွက် ဂရိဝေါဟာရကို "ဒိုင်လူကြီးအဖြစ် စီရင်ဆောင်ရွက်သည်။ ဦးစီးဆောင်ရွက်သည် သို့မဟုတ် အရာအားလုံးကို ဆုံးဖြတ်သူအဖြစ်နှင့် အုပ်စိုးသူအဖြစ် အုပ်စိုးခံခြင်း" ဟုလည်း ဘာသာပြန်ဆိုနိုင်သည်။ ခရစ်တော်၏ အုပ်စိုးနေသော ငြိမ်သက်ခြင်းသည် တစ်စုံတစ်ဦးအပေါ် ကျွန်ုပ်တို့၏မကျေနပ်ခြင်းကို ပျောက်ကွယ်စေသည် - ကော၊ ၃း၁၃-၁၅။

B. မကြာခဏပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်း၌ရှိ အုပ်စုသုံးစုကို သတိထားမိကြသည် - အပြုသဘောဆောင်သော အုပ်စု၊ အနုတ်လက္ခဏာဆောင်သောအုပ်စုနှင့် ကြားနေအုပ်စုတို့ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွင်း၌ရှိ အငြင်းပွားမှုကို ဖြေရှင်းရန် အတွင်းပိုင်းအုပ်စိုးခြင်းကို လိုအပ်သည်။

1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်ခြင်းအတွင်း၌ရှိ ခြားနားသောအုပ်စုများ ငြင်းခုံနေခြင်း သို့မဟုတ် သဘောကွဲလွဲနေခြင်းတို့ကို အာရုံခံစားရသောအခါတိုင်း၊ ကျွန်ုပ်တို့သည် ဒိုင်လူကြီးအဖြစ် စီရင်ဆောင်ရွက်ပေးသော ခရစ်တော်၏ငြိမ်သက်ခြင်းကို နေရာပေးရန်နှင့် လူသစ်၏တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သော ဤငြိမ်သက်ခြင်းကို ကျွန်ုပ်တို့အတွင်း၌ အုပ်စိုးရန်နှင့် နောက်ဆုံးစကားကို ဆိုစေရန် အခွင့်ပေးဖို့ လိုအပ်သည်။
2. ကျွန်ုပ်တို့သည် မိမိတို့၏ထင်မြင်ချက်၊ ယူဆချက်တို့ကို ဘေးဖယ်ထားရန်နှင့် အတွင်း၌ ကိန်းဝပ်နေသော ဒိုင်လူကြီး၏ စကားတော်ကို နားထောင်ရန် လိုအပ်သည်။

C. ကျွန်ုပ်တို့သည် ခရစ်တော်၏ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အုပ်စိုးရန် အခွင့်ပေးပါက၊ ဤငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့အလယ်ရှိ အငြင်းပွားခြင်းများအားလုံးကို ဖြေရှင်းပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဒေါင်လိုက် ငြိမ်သက်ခြင်းရှိကာ၊ သန့်ရှင်းသူများနှင့် အလျားလိုက် ငြိမ်သက်ခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

1. ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးခြင်းမှတစ်ဆင့်၊ ကျွန်ုပ်တို့၏ပြဿနာများသည် ဖြေရှင်းခံရကာ၊ သန့်ရှင်းသူများ အကြားရှိ ပွတ်တိုက်မှုများသည် ပျောက်ကွယ်သွားသည်။ ထို့နောက် အသင်းတော်အသက်တာသည် ချိုမြိန်ခြင်း၌ စောင့်ထိန်းခံရကာ၊ လူသစ်သည် လက်တွေ့ကျသောနည်းလမ်းဖြင့် ထိန်းသိမ်းခြင်းခံရသည်။
2. ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးခြင်းသည် ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏အုပ်စိုးခြင်းကို လေ့ကျင့်လုပ်ဆောင်ရန်၊ နောက်ဆုံးစကားကို ပြောရန်နှင့် နောက်ဆုံး ဆုံးဖြတ်ချက်ကို ချရန် ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်၏အလုပ်လုပ်ခြင်း ဖြစ်သည် - ဍွန်း၊ ဟေရှာ၊၉း၆-၇။
3. ကျွန်ုပ်တို့သည် ခရစ်တော်၏စိုးစံသော ငြိမ်သက်ခြင်း၏ အုပ်စိုးခြင်းအောက်တွင် နေပါက၊ အခြားသူများကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် သူတို့ကို ထိခိုက်စေခြင်း ရှိကြမည်မဟုတ်ပေ။ ထို့ထက်ပို၍ သခင်ဘုရား၏ ကျေးဇူးတော်အားဖြင့်၊ ကိုယ်တော်၏ငြိမ်သက်ခြင်းနှင့်အတူ ကျွန်ုပ်တို့သည် အခြားသူတို့အား အသက်ကို အမှုဆောင် ဖြန့်ဖြူးကြမည် ဖြစ်သည်။
4. ဤငြိမ်သက်ခြင်းသည် ယုံကြည်သူများအားလုံးကို အတူတကွ ပေါင်းစည်း ချည်နှောင်ထားသော နှောင်ကြိုး ဖြစ်လာ သင့်ပါသည် - ဧ၊၄း၃။

## V. လူသစ်တစ်ဦးတည်း၌ ခရစ်တော်သည် အင်္ဂါဝင်များအားလုံးဖြစ်ပြီး၊ အင်္ဂါဝင်များအားလုံး၌ ရှိသည် - ကော၊၃း၁၀-၁၁။

A. ကျွန်ုပ်တို့အတွင်း၌ ကိန်းဝပ်နေသော ခရစ်တော်သည် လူသစ်တစ်ဦး၏ စေ့စပ်ထုံးဖွဲ့မှု ဖြစ်သည် - ၁း၂၇။ ၃း၁၁။

1. ခရစ်တော်သည် လူသစ်၏အင်္ဂါဝင်များအားလုံး ဖြစ်သောကြောင့်၊ လူသစ်၌ မည်သည့်ဇာတိလူအတွက်မျှ (မည်သည့် လူမျိုး၊ နိုင်ငံ၊ ယဉ်ကျေးမှု သို့မဟုတ် လူမှုအဆင့်အတန်းအတွက်မျှ) နေရာ၊ အခွင့်အလမ်းမရှိပါ - အငယ်၊၁၀-၁၁။

2. ကျွန်ုပ်တို့သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါစေ၊ လူသစ်တစ်ဦးနှင့် ပတ်သက်၍ စဉ်းစားလျှင်၊ ကျွန်ုပ်တို့ အားလုံးသည် ဘာမျှ မဟုတ်ကြပါ။
3. လူသစ်တစ်ဦး၌ ပုဂ္ဂိုလ်တစ်ဦးတည်းသာရှိသည် - အရာအားလုံးပါဝင်သောခရစ်တော် ဖြစ်သည် - ၂း၁၇။ ၃း၄၊၁၁။

B. လူသစ်တစ်ဦးအတွက် ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်ရန်လိုအပ်သည် - ဧ၂း၁၅။ ၃း၁၇က။
1. ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်သည် ခရစ်တော်ကို ၎င်း၏အသက်အဖြစ် လိုအပ်သည်။ လူသစ်တစ်ဦးအဖြစ် အသင်းတော်သည် ခရစ်တော်ကို ၎င်း၏ပုဂ္ဂိုလ်အဖြစ် လိုအပ်သည်။
2. ခရစ်တော်သည် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ကျွန်ုပ်တို့အားလုံး၌ ရှိနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးတွင် ပုဂ္ဂိုလ်တစ်ဦးတည်းသာ ရှိကြသည် - ဂလ၂း၂၀။ ဧ၃း၁၇က။
3. လူသစ်တစ်ဦး၏ လက်တွေ့ကျသော တည်ရှိမှုအတွက် လူဟောင်း၏ ပုဂ္ဂိုလ်စုစုပေါင်းကို ဖယ်ရှားပစ်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် မိမိတို့၏ပုဂ္ဂိုလ်အသစ်အားဖြင့် အသက်ရှင်ကြရမည် - ရော၆း၆။ ဂလ၂း၂၀။ ဧ၄း၂၂-၂၄။ ၃း၁၇က။
   a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ခရစ်တော်ကို ယူဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၌ ဆုံးဖြတ်ချက်အားလုံးကို ချမှတ်ပေးသောအရှင်ဖြစ်သည့် ကိုယ်တော်နှင့်အတူ လူသစ်၌ရှိသောအသက်တာကို အသက်ရှင်ရန် လိုအပ်သည်။
   b. ကျွန်ုပ်တို့သည် လူသစ်တစ်ဦး၏အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့သည်နှင့်တပြိုင်နက်၊ ကျွန်ုပ်တို့သည် အရာများကို ကိုယ်တိုင် ဆုံးဖြတ်နိုင်တော့မည်မဟုတ်ပေ။
   c. ကျွန်ုပ်တို့သည် စုပေါင်းထားသောကိုယ်ခန္ဓာတော်နှင့် စုပေါင်းထားသောလူသစ်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်း (ပုဂ္ဂိုလ်)နှင့် ကျွန်ုပ်တို့၏လှုပ်ရှားခြင်း (အသက်) နှစ်ခုလုံးသည် စုပေါင်းခြင်း ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရန် လိုအပ်သည်-၁ကော၁၂း၁၂။ ရော၁၂း၄-၅။
4. ကျွန်ုပ်တို့သည် ဧ၂း၁၅ ၌ရှိသော *လူသစ်တစ်ဦး* ကို ရော၁၅း၆ ရှိ *တစ်ခုတည်းသောနှုတ်* နှင့် ၁ကော၁း၁၀ ရှိ *တူညီသောအရာကို ပြောဆိုခြင်း* တို့နှင့်အတူ ဆင်ခြင်သုံးသပ်ရန် လိုအပ်သည်။
   a. လွန်ခဲ့သောအချိန်တွင် ပုဂ္ဂိုလ်များစွာ ရှိခဲ့ကြသောကြောင့် နှုတ်များစွာလည်း ရှိခဲ့ကြသည်။
   b. *သဘောတညီတညွတ်တည်း*ရှိလျက်၊ *တစ်ခုတည်းသောနှုတ်ဖြင့်* (ရော၁၅း၆) ဆိုသည်မှာ ကျွန်ုပ်တို့သည် အများဖြစ်ကာ၊ အားလုံးသည် ပြောဆိုကြသော်လည်း၊ ကျွန်ုပ်တို့အားလုံးသည် တူညီသောအရာကို ပြောဆိုကြကြောင်း ဆိုလိုသည် - ၁ကော၁း၁၀။
   c. ကျွန်ုပ်တို့သည် အများဖြစ်ကာ၊ နေရာဒေသများစွာမှ လာကြသော်လည်း၊ ကျွန်ုပ်တို့အားလုံးတွင် နှုတ်တစ်ခုတည်းသာရှိ၍၊ အားလုံးသည် တူညီသောအရာကို ပြောဆိုကြသည်။ ဤသည်မှာ ကျွန်ုပ်တို့အားလုံးသည် ပုဂ္ဂိုလ်တစ်ဦးသာရှိသည့် လူသစ်တစ်ဦး ဖြစ်သောကြောင့် ဖြစ်သည်-ဧ၂း၁၅။ ၄း၂၂-၂၄။ ၃း၁၇က။ ရော၁၅း၆။ ၁ကော၁း၁၀။

*© 2024 Living Stream Ministry*